# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# ရန်ကုန်ပညာရေးတက္ကသိုလ်
# ၂၀၂၆ -၂၀၂၇ ပညာသင်နှစ်
## ပညာရေးဒီပလိုမာ (စာပေးစာယူ)သင်တန်း
## [Diploma in Education (Correspondence Courses)]
## (အမှတ်စဉ်-၃)(ပထမနှစ်)အတွက် လျှောက်လွှာခေါ်ယူခြင်း

၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ဖွင့်လှစ်မည့် ပညာရေးဒီပလိုမာ (စာပေးစာယူ) သင်တန်း [ Diploma in Education (Correspondence Courses ) ] (ပထမနှစ်)အတွက် အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားခွင့်ရှိသည် -

**(၁) ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်ထားခွင့်ရှိသူများ**

(က) အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများတွင် အထက်တန်းပြ၊ မူလတန်းကျောင်းအုပ်၊ အလယ်တန်းပြ၊ မူလတန်းပြ၊ ဒုတိယအလယ်တန်းပြ၊ ဒုတိယ မူလတန်းပြအဖြစ် တာဝန်ထမ်းဆောင်နေသူများ အထက်တန်းပြ (သို့မဟုတ်) အလယ်တန်းပြ နှင့် လစာနှုန်းတူ သင်ကြားရေးနှင့် သက်ဆိုင်သူများ၊ ပညာရေး ဒီဂရီကောလိပ်များတွင် နည်းပြအဖြစ် တာဝန်ထမ်းဆောင်နေသူများ လျှောက်ထားခွင့် ရှိသည်။ ဆရာ၊ဆရာမများသည် အနည်းဆုံး ပညာရေးဝန်ထမ်း သင်ကြားရေးလုပ်သက် တစ်ဆက်တည်း(၂)နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(ခ) အထက်တန်းပြနှင့် လစာနှုန်းထားတူညီသည့် သင်ကြားရေးနှင့် သက်ဆိုင်သော ဒုဦးစီးမှူးများ၊ ဒုကြီးကြပ်ရေးမှူးများ နှင့် PGDMA ဘွဲ့ရ ကွန်ပျူတာ လုပ်ဆောင်ရေးမှူး များသည် (၃၁-၁၀-၂၀၂၆) ရက်နေ့တွင် တစ်ဆက်တည်းလုပ် သက်(၅)နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(ဂ) အလယ်တန်းပြ(သို့မဟုတ်) မူလတန်းကျောင်းအုပ်များ နှင့် လစာနှုန်းထား တူညီသည့် သင်ကြားရေးနှင့် သက်ဆိုင်သော ဒု-လ/ထကြီးကြပ်ရေးမှူး ၊ PGDMA ဘွဲ့ရ လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူးများသည် (၃၁-၁၀-၂၀၂၆) ရက်နေ့တွင် တစ်ဆက် တည်းလုပ်သက် (၅)နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(ဃ) ဘွဲ့တစ်ခုခုရရှိပြီးပညာရေးဘွဲ့(B.Ed)မရရှိသေးသူဖြစ်ရမည်။ဝိဇ္ဇာ/သိပ္ပံ မဟာဘွဲ့ရရှိ သူများ ကို ဦးစားပေးမည်။

(င) အခြားသင်တန်းတစ်ခုခုသို့တက်ရောက်နေသူမဖြစ်စေရ။

(စ) လျှောက်ထားသူများသည် ၂၀၂၆ ခုနှစ် အောက်တိုဘာလ (၃၁)ရက်နေ့တွင် အသက် (၅၇) နှစ်ထက် မကြီးသူဖြစ်ရမည်။

## (၂) လျှောက်လွှာတင်သွင်းခြင်း

(က) အထက်ပါသတ်မှတ်ချက်နှင့် ကိုက်ညီသူများသည် ဝင်ခွင့်စာမေးပွဲ လျှောက်လွှာပုံစံများကို တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူး ရုံးများတွင်ရယူပြီး သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်နှင့်အတူ မြို့နယ်ပညာရေးမှူးရုံးများသို့ (၉-၄-၂၀၂၆) ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်း ရမည်။

(ခ) လျှောက်လွှာစတင်လက်ခံမည့်ရက်(၃၀-၃-၂၀၂၆)

(ဂ) ပညာရေးဒီဂရီကောလိပ်များမှ လျှောက်ထားသူများသည် သက်ဆိုင်ရာ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့်အတူ ဆရာအတတ်ပညာဦးစီးဌာန၏ ခွင့်ပြုချက်ရယူ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများသို့ (၉-၄-၂၀၂၆) ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာများ တင်သွင်း ရမည်။

## (၃) အထူးပြုဘာသာရပ်ရွေးချယ်လျှောက်ထားခြင်း

(က) ပညာရေးဒီပလိုမာ(စာပေးစာယူ) သင်တန်းသည် (၂နှစ်)သင်တန်းသာ ဖြစ်သဖြင့် ဘာသာရပ် ကျွမ်းကျင်မှု၊ သင်ပြနည်းကျွမ်းကျင်မှုတို့အတွက် အထူးပြု ဘာသာရပ်တစ်ခုတည်းကိုသာ ရွေးချယ်ဖြေဆို သင်ယူခွင့်ပြုမည်ဖြစ်သည်။

(ခ) လျှောက်ထားသူ၏ မူလဘွဲ့ရဘာသာရပ်ကို သင်ယူလိုသည့် အထူးပြု ဘာသာရပ်အဖြစ်လျှောက်ထားရန်ဖြစ်သည်။ မူလဘွဲ့ရဘာသာရပ်နှင့် သင်ယူလိုသည့် အထူးပြုဘာသာရပ် ကိုက်ညီမှုမရှိပါက လျှောက်လွှာအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

(ဂ) စိတ်ပညာ၊ ဒဿနိကဗေဒ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ စသည့် ဘာသာရပ်များဘွဲ့ရရှိထားသူသည် အင်္ဂလိပ်စာ/မြန်မာစာ/သင်္ချာ(သို့မဟုတ်) ဝိဇ္ဇာဘာသာရပ်တစ်ခုခုကို သင်ယူလိုသည့် အထူးပြု ဘာသာရပ်အဖြစ် လျှောက်ထားရန်ဖြစ်သည်။

## (၄) ရွေးချယ်ရေးမူများ

(က) ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်ထားသူများအား တိုင်းဒေသကြီး/ပြည်နယ် ဆရာ လိုအပ်ချက်နှင့် ဘာသာရပ်လိုအပ်ချက်တို့ပေါ်မူတည်၍ ဝင်ခွင့်စာမေးပွဲ ရမှတ် များ/နည်း တန်းစီဇယားဖြင့် စိစစ်ရွေးချယ်မည်။

(ခ) ရာထူးအလိုက် ဝင်ခွင့်ပြုမည့် ဦးရေအချိုးအတိုင်း စိစစ်ရွေးချယ်မည်။

**(၅) စာစစ်ဌာနများ။** အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ပေးသော စာစစ်ဌာနများတွင် ဝင်ခွင့်စာမေးပွဲ စစ်ဆေး သွားမည်ဖြစ်သည်။

## (၆) ဝင်ခွင့်စာမေးပွဲ စစ်ဆေးမည့်အစီအစဉ်

(က)နေ့ရက် ။ ၂၀၂၆ ခုနှစ်၊ မေလ (၁၂)ရက် (အင်္ဂါနေ့)

(ခ)အချိန် ။ နံနက်(၉း၀၀)နာရီမှ (၁၂း၀၀)ထိ

**(၇)** အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဌာနမှူး (ပညာရေးဘွဲ့စာပေးစာယူသင်တန်းဌာန) ရန်ကုန်ပညာရေးတက္ကသိုလ်၊ တယ်လီဖုန်းအမှတ် ၀၉-၂၅၀၁၂၃၅၉၄ တို့တွင်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်ပညာရေးတက္ကသိုလ်**